သောတာပန် ပြဿနာ ရှင်းတမ်း

`မြတ်စွာဘုရားလက်ထက်က တရားတစ်ပုဒ်ဟောပြီးတိုင်း သောတာပန်ပုဂ္ဂိုလ်များ ဖြစ်သွားကြရာ၌

(က) ယခင်ဘဝက သောတာပန် ဖြစ်ပြီးသူများ ပါ/မပါ။
(ခ) ဘဝတစ်ခုမှ သောတာပန် ဖြစ်ပြီးသူများ လက်ရှိဘဝ တွင် မည်သို့ ထူးခြားမှုရှိနိုင်ပါသနည်း။
(ဂ) ယခင်ဘဝက သောတာပန်ဖြစ်ခဲ့၍ ယခုဘဝ သကဒါဂါမ်၊ အနာဂါမ် ရဟန္တာဖြစ်သွားသော
သုတ္တန်များရှိလျှင် ညွှန်ပြပါ-
ဦးကောင်းမွန်

ဖြေ။
။ ရှေးဦးစွာ သောတာပန်ဟူသော ပုဒ်ကို ရှင်းပြချင်ပါသည်။ သောတာပန်ဟူသော ပုဒ်သည် သောတာပန္န-
ဟူသော ပါဠိ ပုဒ်ကို မြန်မာမှုပြုထားသော ပါဠိသက်ဝေါဟာရဖြစ်၏။
သောတာပန္န-ဟူသော ပုဒ်သည် သဒ္ဒါနည်းအရ သောတနှင့် အာပန္န-ဟူသော ပုဒ်နှစ်ခုကို
ပေါင်းစပ်ထားခြင်း ဖြစ်၏။ ဤတွင် သောတ-အရ သမ္မာဒိဋ္ဌိ-စသော မဂ္ဂင်ရှစ်ပါးကို ရ၏။
ထိုမဂ္ဂင်ရှစ်ပါးသို့ ရှေးဦးစွာ ရောက်သောသူသည် သောတာ ပန္န-မည်၏။

အနည်းငယ် ထပ်၍ ရှင်းရလျှင် `သဝတိ သန္ဒတီတိ သော တော = မဆုတ်နစ်ဘဲ တစ်စီးတည်း
စီးသွားတတ်သော ကြောင့် သောတ-မည်၏။ ဤအလို ရေအလျဉ်ကို ရ၏။ သောတော ဝိယာတိ
သောတော= ရေအလျဉ်နှင့် တူသော ကြောင့် သောတမည်၏။

ဤအလို
အဋ္ဌင်္ဂိကအရိယမဂ်-ဟူသော မဂ္ဂင်ရှစ်ပါး မြတ်တရားကို ရ၏။ ဟိမဝန္တာတောင်မှ စ၍ စီးဆင်းလာသော
ဂင်္ဂါမြစ်ရေသည် နောက်ပြန် ဆုတ်နစ်ခြင်း မရှိဘဲ သမုဒ္ဒရာအထိ ရောက် အောင် ဆက်လက် စီးဆင်း
သွားသကဲ့သို့ သမ္မာဒိဋ္ဌိစသော မဂ္ဂင်ရှစ်ပါး မြတ်တရားသည်လည်း ရှေးဦးစွာ ဖြစ်ပေါ်လာရာ
သောတာပတ္တိမဂ် ခဏမှစ၍ သတ္တိအင်းအား နည်းပါး ဆုတ် နစ်ခြင်းမရှိ တဆင့်ထက်တဆင့်
ရင့်သထက်ရင့်ကာ နိဗ္ဗာန် တည်းဟူသော သမုဒ္ဒရာသို့ ဝင်ရောက်လေတော့၏။

``ဗုဒ္ဓ ဓမ္မ၊ သံဃကိုယုံ၊ မတုန်လှုပ်ဘိ၊ အရိယကန္တ၊ သီလငါး ဖြာ၊ စုံညီညာ၊ သောတာပတ္တိယင်။
´´ဟူသည်နှင့်အညီ သော တာပတ္တိမဂ်၏ အင်္ဂါအစိတ်အပိုင်း သောတာပတ္တိယင်္ဂ၊ ဝါ- တရားမှန်တော်ကြီး
=ဓမ္မာဒါသ အမည်ရသော သောတာ ပန်ဖြစ်/မဖြစ် မှတ်ကျောက်တင် စစ်ဆေးနိုင်ဖို့ရာ အင်္ဂါလေး ချက်
ရှိပါသည်။

(၁) ဘုရားရှင်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊
(၂) တရားတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊
(၃) သံဃာတော်၌ မတုန်မလှုပ် သက်ဝင်ယုံကြည်ခြင်း၊
(၄) အရိယာတို့ နှစ်သက်အပ်သော ငါးပါးသီလ မကျိုးမ ပေါက် မပြောက်မကြားခြင်းတို့ ဖြစ်၏။

သောတာပန်ဖြစ်လျှင် ဤတရားလေးပါးနှင့် ပြည့်စုံမြဲဖြစ်၏။
`သဟာဂဿ ဒဿနသမ္ပဒါယ၊ တယဿု ဓမ္မာ ဇဟိတာ ဘဝန္တိ။ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆိတဉ္စ၊ သီလဗ္ဗတံ ဝါပိ ယဒတ္ထိ ကိဉ္စိ။´´ ဟူသည်နှင့်အညီ သောတာပန်ဖြစ်သည်နှင့် တပြိုင် နက် `သက္ကာယဒိဋ္ဌိ၊ ဝိစိကိစ္ဆာ၊ သီလဗ္ဗတပရာမာသ´ တရား သုံးပါးနှင့် ကိလေသာအချို့ကို ပယ်ရှားအပ်ပြီး ဖြစ်၏။

ထိုသောတာပန်ပုဂ္ဂိုလ်သည် ကိလေသာများ ကြွင်းကျန်သေး သော်လည်း အပါယ်လားကြောင်း မကောင်းမှုတို့ကို ပြုလုပ် ခြင်း မရှိသောကြောင့်
အဝိနိပါတဓမ္မော= အပါယ်သို့ လားရခြင်း သဘော မရှိ တော့။ နိယတော= မဂ်ဟူသော နိယာမဖြင့် မြဲသောသဘော ရှိ၏။ သမ္ဗောဓိပရာယဏော= အထက်မဂ်သုံးပါး လျှင်လည်း လျောင်းရာရှိ၏။ အထက်မဂ်ကိုသာ ရဖို့ရှိ၏။ အောက်သို့
(လောကီစျာန်များကဲ့သို့ ) လျောကျရှိုး ထုံးစံ မရှိ။

သို့ရကား ယခင်ဘဝက သောတာပန်ဖြစ်ပြီးသူများသည် ယခု ဘဝ၌ မဂ်ဖိုလ်ရမည်မှန်လျှင် သကဒါဂါမိ မဂ်ဖိုလ်ကိုသာ ရဖို့ အကြောင်းရှိ၏။ သောတာပတ္တိမဂ်ဖိုလ်ကို တဖန်ထပ်၍ ရဖွယ် မရှိ။ အကြောင်းကား ယခင်ဘဝက သောတာပန် ဖြစ်ပြီးသူ သည် မဂ်၏ နိယာမသဘောအရ မွေးကတည်းက သောတာ ပန်အဖြစ် မွေးလာ သောကြောင့်တည်း။

ထို့ကြောင့် မြတ်စွာဘုရား လက်ထက်က တရားတစ်ပုဒ် ဟော ပြီးတိုင်း သောတာပန်ဖြစ်ကြသော ပုဂ္ဂိုလ်တို့တွင် ယခင်ဘဝ က သောတာပန်ဖြစ်ပြီးသူများ မပါပါ။ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာဖြစ်ကြသော ပုဂ္ဂိုလ်တို့တွင်ကား ပါနိုင်ပါသည်။

ဘဝတစ်ခုမှ သောတာပန်ဖြစ်ပြီးသူများ လက်ရှိဘဝတွင် မည် သို့ထူးခြားမှု ရှိနိုင်ပါသနည်းဟူရာ၌
`ဆစ္စာဘိဌာနာနိ အဘဗ္ဗ ကာတုံ´ ဟူသော ရတနသုတ် ပါဠိတော်နှင့်အညီ

၁။ မာတုဃာတ= အမိ သတ်ခြင်း။
၂။ ပိတုဃာတ=အဘသတ်ခြင်း။
၃။ အရဟန္တဃာတ= ရဟန္တာသတ်ခြင်း။
၄။ လောဟိတုပ္ပါဒ= ဘုရားရှင်ကို သွေးစိမ်းတည်အောင်ပြုခြင်း။
၅။ သံဃဘေဒ = သံဃာကို ကွဲပြားအောင်ပြုခြင်း။
၆။ အညသတ္ထာရုဒ္ဒေသ =ဘုရားမှတပါး အခြားဆရာကို ကိုး ကွယ်ရာဟု ညွှန်းခြင်း ( ဘာသာပြောင်းခြင်း )
ဟူသော အဘိဌာနခြောက်မျိုးကို ယခင်ဘဝက သောတာပန်ဖြစ်ပြီး
သူသည် ယခုဘဝ၌ မိမိ၏ သောတာပန်အဖြစ်ကို မသိသော် လည်း မဂ်၏ မပြောင်းမလဲတည်မြဲသော နိယာမသဘောအရ မပြုလုပ်တော့။

ယခုဘဝ၌ ဘုရား တရား သံဃာဟု ရတနာသုံးပါး ထင်ရှားရှိ လျှင် ဘာသာခြား၌ မွေးသော်လည်း

အရှယ်ရောက်သော အခါ ရတနာသုံးပါးကိုသာ ယုံကြည်ကိုးကွယ်ရာ၏။ မိမိ၏ သဘောဆန္ဒ အရသော် လည်းကောင်း၊ သူတစ်ပါး၏ တိုက် တွန်း ချက်ကြောင့်သော် လည်းကောင်း ပါဏာတိ ပါတ စသော အမှုတို့ကို မပြုလုပ်တော့။ (အထက်တွင် သောတာ ပန်သည် အမိသတ်ခြင်း စသည်တို့ကို မပြုတော့ဟု ဟော တော်မူခြင်းသည် ပုထုဇဉ်အဖြစ်ကို ကဲ့ရဲ့လို၍သာဖြစ်သည်။
အမှန်မှာ မည်သည့်သတ္တဝါမျှ မသတ်တော့။ ပုထုဇဉ်တို့ကား သတ္တဝါသာမညကို ထားဘိဦး မိခင်အရင်းကိုပင် သတ်ဖြစ်ဖို့ အလားအလားရှိလေ၏။) ငါးပါးသီလကို အသက်ဟူသော အကြောင်းကြောင့်ပင် ဖောက်ဖျက်ကျူးလွန်မှု မပြုတော့။
တပါးသော သူတို့က အတင်းအကျပ် ရေနှင့်အရက်ကို ရော ယှက်၍ တိုက်လျှင်ပင် ရေသာဝင်၍ အရက်မဝင်ဟု ဖွင့်ပြ ကြ၏။ (မင်္ဂ၏ အစွမ်းသတ္တိကြောင့် မမူးခြင်း၊ သို့မဟုတ် သောက်သမျှ ဓာတ်မတဲ့သကဲ့သို့ ဖြစ်ကာ အန်ထွက်ခြင်း၊ သို့မဟုတ် Alcohol ဓါတ်ပျက်ကာ H2 O ဟူသော ရေဓာတ် သာ ဝင်ရောက်သွားခြင်းကို ဆိုလို၏ ဟု ယူဆရပါသည်။)

ထိုသို့ ငါးပါးသီလမြဲခြင်း၊ အယူမမှားခြင်းတို့အပြင် သောတာ ပန်အဖြစ် မွေးဖွားလာသော ပုဂ္ဂိုလ်၌ အခြားသိသာသော အချက်များမှာ သမ္မာအာဇီဝ နည်းဖြင့်သာ စီးပွားရှာခြင်း၊ သူတစ်ပါး ကြီးပွား ချမ်းသာ သည်ကို မနာလို ပြုစုသော ဣဿာ၊ မိမိစီးပွား မိမိ ရပိုင်ခွင့်များကို နမြောတွန့်တိုသော မစ္ဆရိယများ မရှိခြင်း၊ အဂတိလေးပါး မလိုက်စားခြင်း၊ ဘုရား ရှင်ကို အကြောင်းပြု၍ ဒေါမနဿမဖြစ်ခြင်း၊ လွန်ကျူးမိ သော အပြစ်များကို ဖုံးကွယ်ထားမှု မရှိခြင်းစသည်တို့ ဖြစ်၏။

(ယခုခေတ် ရိပ်သာအမည်ခံ ဌာနအချို့မှ အလွယ်တကူ သောတာပန်ဖြစ်လာသူများကိုလည်း အထက်ပါ အချက်များ ဖြင့် တိုက်ဆိုင်ကြည့်နိုင်ပါသည်။)

ယခင်ဘဝ သောတာပန်ဖြစ်ခဲ့၍ ယခုဘဝ သကဒါဂါမ်၊ အနာ ဂါမ်၊ ရဟန္တာဖြစ်သွားသော သုတ္တန်များရှိလျှင် ညွှန်ပြပါ- ဟူရာ၌ ယခုဘဝ အရ ဂေါတမဘုရားရှင် လက်ထက်ကာလ ကိုဆိုလိုကြောင်း နားလည် ရ၏။

သို့ဆိုလျှင် ယခင်ဘဝအရ အဘယ်ကာလကို ယူရမည်နည်းဆို သော် ကဿပဘုရှင်၏ သာသနာတွင်း ကာလကို ယူရမည် ဖြစ်၏။ ကဿပဘုရားရှင် လက်ထက်နှင့် ဂေါတမဘုရားရှင် လက်ထက်သည် လည်း ကာလအားဖြင့် များစွာကွာခြား၏။
သောတာပန် အမျိုးအစားသုံး မျိုးတွင်လည်း ကာမဘုံ၌ ၂- ဘဝမှ ၆ ဘဝအထိ ဖြစ်နိုင်၏။

သတ္တက္ခတ္တုပရမ သောတာပန်သည် ကာမဘုံ၌ ၇ ဘဝသာ ဖြစ်နိုင်၏။ ´ကိဉ္စာပိ တေ ဟောန္တိ ဘုသံ ပမတ္တာ.န တေ ဘဝံ အဋ္ဌမ မာဒိယန္တိ`ဟူသော ရတနသုတ်ပါဠိတော်နှင့်အညီ သတ္တက္ခတ္တုပရမ သောတာပန်သည် အကယ်၍ မေ့မေ့လျော့ လျော့ ပေါ့ပေါ့ဆဆနေမိစေကာမူ ကာမဘုံ၌ ရှစ်ဘဝ အထိ ဖြစ်သည်ဟူ၍မရှိ။ ၇ နစ်ဘဝအတွင်း အထက်မင်္ဂဖိုလ်ရ လျှင် ရ၊ မရလျှင် ဈာန်ရ၍ ပြဟ္မာ့ပြည်၌ဖြစ်ရ၏။

ထို့ကြောင့် နောက် ဘုရားရှင် လက်ထက်ကျမှ သာဝကအဖြစ် ဘုရားရှင်ကို ဖူးတွေ့ခွင့်ရ ကာ အထက်မင်္ဂဖိုလ်ရပါလိုကြောင်း ဆုတောင်းခဲ့သူများမှအပ ကြုံ ကြိုက်၍ ဖြစ်ကြသူ နည်းပါး ဖွယ်ရှိ၏ဟု

ယူဆရ၏။

အကယ်၍ နတ်ပြည်ချည်းသက်သက် သို့မဟုတ် လူ့ပြည်ချည်း သက်သက် ဆက်တိုက်ဖြစ်ခဲ့သော် ဘဝတစ်ရာပင် ဖြစ်စေကာ မူ တစ် ဘဝသာ ရေတွက်ရမည် ဟူသော ဂါဒ အရသော် သောတာပန် ပုဂ္ဂိုလ်၏ ကာမသုဂတိ ၇ ဘဝဟူသော သက် တမ်းသည် ဘုရားတစ်ဆူနှင့် တစ်ဆူကြားဟူသော အပိုင်း အခြားကာလ၌ ဖြစ်နိုင်ခွင့်အလားအလာများ စွာရှိပါသည်။

ထိုသို့သောဖြစ်နိုင်ခွင့်များထဲမှ အနီးစပ်ဆုံးတွေ့ရှိရသည့် သက် သေတစ်ခုမှာ အင်္ဂုတ္တရနိကာယ်လာ သုမနသုတ္တန်ဖြစ် ပါသည်။

ကဿပဘုရားရှင် လက်ထက်တွင် မိတ်ဆွေ ရဟန်းနှစ်ပါး ရှိခဲ့၏။ ထိုရဟန်း နှစ်ပါးသည် တစ်ပါးနှင့် တစ်ပါး အတွေး အခေါ် အယူအဆ မတူကြပေ။ တစ်ပါးသော ရဟန်းသည် သာရဏီယဝတ်ကို ဖြည့်ကျင့်၏။ ကျန်တစ်ပါးသည် ဘတ္တဂ္ဂ ဝတ်ကို ဖြည့်ကျင့်၏။ သာရဏီယဝတ်ဖြည့် ကျင့်သောရဟန်း သည် ဘတ္တဂ္ဂဝတ်ဖြည့်ကျင်သော ရဟန်းအား `ငါ့ရှင် မပေး မလှူသူအား အကျိုးတရား မည်သည်မရှိ၊ မိမိရရှိသည့် အထဲ မှ သူတစ်ပါးတို့အား ပေးလှူပြီးမှသာ ဘုဉ်းပေးသင့်၏`ဟု ပြောဆို၏။ ဘတ္တဂ္ဂဝတ်ဖြည့်ကျင့်သော ရဟန်းသည် `ငါ့ရှင် သင်သည်ဘာမျှသိသူ မဟုတ်၊ ရဟန်းမည်သည် သူတစ်ပါးတို့ ပေးလှူအပ်သော အရာကို ဖရိုဖ ရဲ လုပ်မပစ်သင့်၊မိမိအတွက် သင့်တော်မျှတရုံသာ ခံယူ၍ ဘတ္တဂ္ဂဝတ် ကိုဖြည့်ကျင့်သင့် ၏`ဟု ပြန်လည်ပြောဆိုပါသည်။ ထိုနှစ်ပါးသော ရဟန်းတို့သည် တစ်ပါး၏ အယူအဆကို တစ် ပါးက လက်မခံနိုင်ကြဘဲ လွတ်လပ်စွာ သဘောကွဲလွဲခဲ့ကြကာ အခင်အမင်မပျက် မိမိတို့၏ ကျင့်ဝတ်ကို ကျင့်ကြံကြပြီး ထို ဘဝမှ သေလွန်သော အခါ နှစ်ပါးစလုံး နတ်ပြည်သို့ ရောက် ကြ၏။ နတ်ပြည်ရောက် သောအခါ သာရဏီယဝတ်ကို ဖြည့် ကျင့်သောရဟန်းသည် ဘတ္တဂ္ဂဝတ်ဖြည့်ကျင့်သော ရဟန်း ထက် အာယု၊ဝဏ္ဏ၊သုခ၊ ယသ၊ အာဓိပစ္စဟူ သော တရားငါး မျိုး သာလွန်ကဲပို၏။

ထိုသို့ဖြင့် ထိုနှစ်ဦးတို့သည် လူ့ပြည် နတ်ပြည်ကျင်လည်ပြီး
ဘုရားတစ်ဆူ၏ ကြားကာလကုန်ဆုံးကာ ဂေါတမဘုရားရှင်၏ ကာလ တွင် သာဝတ္ထိပြည်၌ လာဖြစ်ကြ၏။ သာရဏီယဝတ်ကို ဖြည့်ကျင့် သော ရဟန်းသည် ကောသလ မင်းကြီး၏ မိဖုရားခေါင်ကြီးဝမ်း၌ ပဋိသန္ဓေတည်၏။ ဘတ္တဂ္ဂဝတ်ကို ဖြည့်ကျင့်သော ရဟန်းသည် ကော သလမင်း ကြီး၏ အလုပ်အကျွေးမိန်းမဝမ်း၌ ဖြစ်၏။ ထိုနှစ်ဦးသည် တစ်
နေ့တည်းမှာပင် မွေးဖွားကြ၏။ နာမည်မှည့်သောနေ့တွင် သူတို့နှစ်ဦး အား ရေချိုးပေးကာ ကျက်သရေ တိုက်ခန်းမှာ သိပ်ထား၏။ သာရဏီယ ဝတ်ကို ဖြည့်ကျင့်ခဲ့သော ကလေး သည် မျက်စိဖွင့်ကြည့်ကာ ထီးဖြူကြီး နှင့် ကောင်းမွန်စွာ ခင်း ထားအပ်သော ကျက်သရေခန်း၊ တန်ဆာဆင် ထားအပ်သော အိပ်ရာနေရာတို့ကို တွေ့မြင်ရသည့်အခါ မင်းမျိုးတစ်ခု တွင် လာဖြစ်နေသည်ကို သိရှိလိုက်၏။ `ငါ ဘယ်လိုကံ တွေကိုပြုခဲ့လို့ ဒီမှာလာဖြစ်ရ တာပါလိမ့်´ဟု ဆင်ခြင်သည့်အခါ ´သာရဏီယဝတ်ကို ဖြည့်ကျင့်ခဲ့လို့`ဟု သိရှိပြီး ´ငါ့မိတ်ဆွေ ဘယ်မှာဖြစ်နေပါလိမ့်´ ဟု ဆင်ခြင် သည့်အခါ သူ့နံဘေး အိပ်နေရသည့် အဖြစ်ကို တွေ့ရှိပြီး နိပ် ကွပ်လို၍-
´သူငယ်ချင်း မင်းက ငါ့စကားကိုမှ နားမထောင်ခဲ့ဘဲကိုး´ ဟု ပြော၏။ ´နားမထောင်တော့ ဘာဖြစ်လဲ`

´ငါ့ရဲ့ပြည့်စုံ မှုကို ကြည့် လေ၊ ထီးဖြူကြီးရဲ့အောက် ကျက်သရေခန်းဆောင်မှာ အိပ်ရတယ်၊ မင်းကတော့ ခုတင်နိမ့်နိမ့် အခင်းကြမ်းကြမ်း ကြီးပေါ်မှာ အိပ်ရတယ်´ မင်းက ဒါကို အမှိုပြုပြီး မာနတက် နေတာလား၊ ငါးနီးပြားတွေနဲ့ လုပ်ထားပြီး အဂတ်ပိုင်းတွေနဲ့ ရစ်ပတ်ထားတာတွေ ချည်းပါပဲ။ ဒါတွေအားလုံးဟာ ပထဂီ ဓာတ်တွေချည်းပဲ မဟုတ်လား´ဟု အပြန်အလှန် ပြောဆိုနေ ကြ၏။ ထိုအချိန်တွင် သုမနမင်းသမီးက စကားသံကြား၍ သွားရောက် နားထောင်ရာ ဓာတု-ဓာတ်ဟူသော အသံကို
ကြားသဖြင့် `ရဟန်းနတ်သားတွေ ဖြစ်ခဲ့ရမည်´ ဟု ကြံစည် ပြီး `မိဘတွေကို ပြောလို့ မဖြစ်သေးဘူး´ဟု ယူဆကာ ဘုရားရှင်အား သွားရောက်လျှောက်ထား၏။

(အကျယ်ကို အင်၊မြန်၊၂၊၃၅-တွင် ကြည့်လေ။) ထိုသုမနသုတ် တွင် ဘုရားရှင်က သာရဏီယဂတ်ကို ဖြည့်ကျင့်သော ရဟန်း ကို ဒဿနသမ္ပန္နော-ဟု သုံးနှုန်းတော်မူ၏။
အဋ္ဌကထာတွင် `ဒဿနသမ္ပန္နောတိ သောတာပန္နော။ = ဒဿနသမ္ပန္န- ဉာဏ်အမြင်နှင့် ပြည့်စုံသူဟူသည် သောတာ ပန် ပင်တည်း။ -ဟု ဖွင့်ပြ၏။ (အံ၊ဋ္ဌ၊၃၊ ၁၇)

သို့ရာတွင် ထိုကလေးများ အထက်မဂ်ဖိုလ် ရသည်ဟူ၍ကား မတွေ့မိပါ။ ဖြစ်ဖို့အလားအလာ များစွာရှိသဖြင့် ဖော်ပြလိုက် ပါသည်။ ကျမ်းဂန်နှံ့စပ် ပုဂ္ဂိုလ်မြတ်တို့ကို ထပ်၍ မေးပါလေ ဦး။
အရှင်ကောဝိဒ (ယော)